www.burmeseclassic.com



အဘိုးကြီးခေါ်တာက သူ့သမီးနဲ့ နေရာချထားပေးဖို့တော့ မဖြစ်နိုင်ပါဘူး။ တကယ်ကိစ္စရှိလို့ပဲ ဖြစ်ရမယ်။

"ဒါဆို ... ကျွန်တော်က ခင်ဗျားနဲ့ လိုက်ခဲ့ရမှာလား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

ကိုယ်တွန့်သွားရတယ်။ ကိုယ်နဲ့ တစ်ကားတည်းစီးလို့ သူ့အတွက် ဆိုပြီး စဉ်းစားမိပြန်တယ်။ ဒါနဲ့ပဲ ...

"ဖြစ်ပါ့မလား၊ ခင်ဗျားနဲ့ အတူစီးလို့၊ ဒီရပ်ကွက်ထဲမှာက ကျွန်တော့်ကို ..."

"အလိုတော် ... ရှင်ကပဲ ဖြစ်နေရသေးတယ်"

သူ နားလည်မှု လွဲသွားတာပါ။ ကိုယ့်ကိုတောင် သောက်ဆတ်ဆတ် ပြောနေသေးရဲ့။

ဖင်မဲက ဝင်ပြီး ...

"လိုက်သွားလိုက်ပါ မြင့်ကြည်ရာ၊ အရေးကြီးလို့ လာခေါ်တာကို လိုက်သွားလိုက်၊ မြင့်ကြည် လိုက်သွားလိုက်"

ကိုယ်လည်း ဖင်မဲကို အသံတိတ် ကျိန်ဆဲရင်း ကားလေးထဲ မရဲတရဲ ဝင်လိုက်ရတယ်။ ဒင်းကလေးလည်း စပ်ဖြဲဖြဲပြောနေတဲ့ ဖင်မဲကို မျက်စောင်းထိုးပစ်ခဲ့ပါသေးတယ်။ ကိုယ့်ခမျာ မရဲဘဲ ကျွဲစီး မဖြစ်ရဘဲ ကားစီးပြီး ပါသွားတော့တာပေါ့။ အင်း ... ရင်မခုန်မိအောင် ထိန်းထားမှ။

## (၅)

လမ်းသွယ်လေးထဲမှာ ကားက ခပ်ဖြည်းဖြည်းပဲ သွားနေတယ်။ အစ်ရပ်ကွက်တည်းဆိုပေမယ့် ဟိုဘက်ထိပ် ဒီဘက်ထိပ် ဖြစ်နေလို့ မနီးလွန်း ဝေးလွန်းဘူး။ လမ်းကလည်း နည်းနည်းကြမ်းလို့ ဖြစ်မှာပေါ့။

ကောင်မလေးရဲ့ဘေးမှာထိုင်ရင်း ကိုယ့်စိတ်တွေ ကသီကဝေ ဖြစ်နေရတယ်။ အလစ်ချောင်းပြီး ခုန်ချင်နေတဲ့ ကိုယ့်နှလုံးသားကို ဘယ်လို ချုပ်တုတ်ထားရမလဲကွယ်။ ကားကို မှန်မှန်လေး မောင်းနေတဲ့ သူ့ဆီက ရှိသင်းနံ့လေးတွေဟာလည်း ကိုယ့်ရဲ့ဝင်သက်ထဲကို တိုးလျှိုပေါ်တော့ သွားအဆီးမဲ့လို့။ မကြည့်မိအောင်ထိန်းရင်း ကိုယ့်မှာ သက်ပြင်းချပြန်ရဲ့။

"ရှင်က ဖေဖေခေါ်ခိုင်းလိုက်လို့ စိတ်ညစ်နေတာလား"

www.burmeseclassic.com

## (၆)

ခမ်းနားခေတ်မီတဲ့ ညှော်ခန်းထဲမှာ ကိုယ်ရောက်နေတယ်။ ငေး ကြည့်လိုက်ရုံနဲ့ တော်တော်ချမ်းသာတာပဲလို့ မှတ်ချက်ချမိတယ်။ နံရံမှာ ချိတ်ဆွဲထားတဲ့ ပိုးရည်တို့ မိသားစုဓာတ်ပုံကိုတွေ့တော့ ကိုယ့်ရင်ထဲ ကျင် ခနဲပဲ။ အိမ် ...။ ပြီးတော့ ကိုယ့်မှာလည်း ဒီလိုမိသားစုမျိုး ရှိခဲ့ဖူးတာပဲ

လိုက်ဖမ်းလို့ မမိနိုင်တဲ့ ကိုယ့်စိတ်တွေ မလွင့်ပျံ့ခင်လေးမှာပဲ..

"ဟော့ ... မောင်မင်းညီ၊ မင်းကို ဦး လာခေါ်မလို့ပဲ၊ ညှော်သည် ရောက်လာပြန်တော့လေ၊ ဒရိုင်ဘာကလည်း အပြင်သွားတာနဲ့ သမီးကို ခေါ်ခိုင်းလိုက်ရတာ"

"ရပါတယ် ဦးရော၊ တစ်ယောက်ယောက်နဲ့ မှာလိုက်ရင်လည်း ရသားနဲ့ဗျာ"

ကိုယ်ကပဲ ပြန်အားနာသွားရတယ်။ ဒါကို ... အကင်းပါးတဲ့ သူက

"မောင်မင်းညီ ... သုက်သောင့်သက်သာနေနော်၊ ဘာမှအားမနာ နဲ့"

"ဟုတ်ကဲ့ပါ ဦး"

အဲဒီအချိန်မှာပဲ ပိုးရည်က အအေးဖန်ခွက်ကလေးနဲ့ ရောက်လာ ပြီး ကိုယ့်ရှေ့မှာ လာချပေးတယ်။ သောက်လိုက်ပါဦးလို့လည်း တိုးတိုး ပြောသေးတယ်။

သူ့အဖေဘေးနားမှာ ဝင်ထိုင်တော့ ...

"ဪ ... သမီး ... မောင်မင်းညီ ဖေဖေ့ကို ဟိုတစ်ညက ကူညီဖူးခဲ့တာကို မှတ်မိတယ်နော်"

"ဟုတ်ကဲ့ ဖေဖေ"

ဦးသောင်းမြင့်က လိုက်ပြီး ခေါင်းညိတ်ရင်း ...

"တကယ်တော့ ... မောင်မင်းညီက အဲဒီနေ့ကမှ ထောင်က လွတ် လာတာ သမီးရဲ့၊ မောင်မင်းညီ စိတ်မရှိနဲ့နော်၊ ခုနက သမီးကို သွားခေါ် ခိုင်းလိုက်တော့ မင်းကို ရှုံ့သလိုဖြစ်နေမှာစိုးလို့ ခုမှပြောပြရင်း မိတ်ဆက် ပေးတာ"

ပြောရင်းနဲ့ ဦးသောင်းမြင့်က အားနာသလို ပြုံးနေတယ်။ ပိုးရည်က ခုတ်ချင်းပဲ ...

"အဟင်း ... သမီးနဲ့ကိုမင်းညီ လမ်းမှာစကားပြောရင်း အဲဒီ အကြောင်းကို သိရတယ်၊ ပထမတော့ သမီးလည်း တစ်မျိုးဖြစ်သွားတာပေါ့

www.burmeseclassic.com



ပြန်မေးလိုက်ရင် မကောင်းဖြစ်ဦးမယ်။

ကိုယ်က မရိုင်းချင်တာနဲ့ . . .

"ဒီနိုင်ငံမှာပဲလေ၊ သိမ်ဖြူကွင်းမှာပေါ့"

မျက်နှာက တစ်မျိုးဖြစ်သွားတယ်။ ပြီး မရပ်သေးဘူး။

"ထားပါတော့၊ အိမ်ကားမဟုတ်ဘဲ ကုမ္ပဏီကားတွေတော့ မောင်းဖူးမှာပေါ့"

"အင်း"

ပြီး,ပြီးရော ဖြေလိုက်မိတယ်။ ဦးသောင်းမြင့် ဘာပြောထားလို့လည်း မသိဘူး။ ကိုယ့်ကို ဆက်ပြီး ဩဝါဒမြွက်ကြားပါလေရော။

"အေးလေ . . . ကုမ္ပဏီမှာတော့ အရောင်းကားတွေပေါ့၊ အိမ်မှာကတော့ မင်းမြင်တဲ့အတိုင်းပဲ၊ ခု . . . ဦးရဲ့ဆလွန်းကားကို ငါ မောင်းရတော့မယ်၊ မပိုးကတော့ သူ့မာ့ခ်တူးနဲ့သူပဲ၊ ခု . . . မင်းမောင်းရမှာက ဟိုမှာမြင်လား"

"ဟော့ကောင် ဝင်းကြည်"

မြင်ပါတယ်။ သူလှည့်ပြလိုက်တဲ့နေရာမှာ ဦးသောင်းမြင့် ရပ်နေတာကိုလေ။ ကိုယ်အစောကြီးက မြင်သားပဲ။ ဒင်း လျှာရှည်နေလို့ နှုတ်မဆက်အားသေးတာ။ ခုမှပဲ ဒင်းက မခုတ်တတ်တဲ့ ကြောင်နာလေးလို ကုတ်ချည့်ချည့်ဖြစ်သွားလေရဲ့။

"ခင်ညာ ဦး . . . သွားတော့မှာလား။ ကားက အဆင်သင့် . . . သင့်"

"ဟော့ကောင် . . . ငါ ဘယ်အချိန်သွားလဲ မင်းမသိဘူးလား"





သူ့ခမျာ ကြောင်နာလေးပုံစံက ကျားကိုတွေ့ပြီး နေစရာမရှိသလို ာယာခတ်သွားရင်း . . .

"ဟို . . . ဟို . . . ဦး စောစောသွားမလားလို့ပါ၊ အဲဒါနဲ့ . . ."

"နေစမ်းပါဦး . . . ငါ ခုနက တစ်စွန်းတစ်စ ကြားလိုက်ပါတယ်၊ င်း မောင်မင်းညီကို ဘာတွေများ မိန့်နေတာလဲ"

ဝင်းကြည်ဆိုတဲ့လူတော့ နာမည်နဲ့မလိုက်အောင် မကြည်မလင် သွားရတယ်။ လျှာရှည်တာကိုး ခံပေါ့။ ကိုယ် ပြုံးစိစိလုပ်နေတော့ ကြည်က . . .

"ဒီ . . . ဒီလိုပါ ဦး . . . ကျွန်တော်က သူ့ကို ကားမောင်းရင် တိထားမောင်းဖို့ ပြော . . . ပြော . . ."

"အောင်မာ . . . မင်းပြောမှလားကွ၊ သတိမထားရင် မသာပေါ် မှာပေါ့၊ သွားကွာ မိကျောင်းမသား"

ဝင်းကြည် ကုတ်ချောင်းချောင်းနဲ့ ပြန်ထွက်သွားတယ်။ ဝင့်က ချင်းလိုက်တာပဲ။ ကိုယ် ကြိတ်ပြီးရယ်မိတယ်။

ခုမှ ဦးသောင်းမြင့်က ပြုံးစစကြည့်ပြီး . . .

"ဒီကောင်က ဒီလိုပဲ မောင်မင်းညီရေ့ မသိရင် သိပ်ဆရာကြီး တာ၊ လေကြောကလည်း သိပ်ရှည်၊ မင်းနားငြီးဦးမှာပဲ၊ ဒါပေမဲ့ . . . ာင့်စိတ်ရင်းက ကောင်းပါတယ်၊ ပျော်လည်း ပျော်ပျော်နေတတ်တယ်၊ ရင် မင်း ခင်သွားမှာပါ"

"ရပါတယ် ဦး။ ကျွန်တော် နေတတ်ပါတယ်"

"အေးကွာ . . . မင်း အဆင်ပြေရင် ဦးဝမ်းသာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ခါတည်း အများကြီးမတတ်နိုင်တော့ ကိုရဲအသိ အောင်သန်း
ရဲ့ Dr. beat ဆိုတဲ့ Home Studio လေးမှာ သွင်းဖြစ်ကြတယ်။ အော
သန်းဦးဆီမှာ ပစ္စည်းတွေ မပြည့်စုံပေမယ့်လည်း သူက စိတ်ရှည်ပါတယ်
သူကိုယ်တိုင်တောင် ဘေ့စ် (bass) ဝင်တီးပေးသေးတယ်။ နောက်
ပရိုဂျူဆာကိုပြဖို့ ရလောက်တဲ့ ကွာလတီလောက်ရတာ အမှန်ပဲ။

တစ်ညနေ အလုပ်ပြီးလို့ အိမ်ပြန်မယ်လုပ်တော့ ပိုးရည်က ...

"ကိုမင်းညီ ... အချိန်ရရင် ကျွန်မကို ဆိုင်လိုက်ပို့ပေးပါဦး။ ကား
မကောင်းပြန်ဘူး"

"ရပါတယ်"

ဖြစ်နိုင်ရင် ပိုးရည်ရဲ့မာ့တူးကားကြီးကို အင်ဂျင်ပါချစေချင်တာ
စိတ်ထဲက မညှာမတာ တွေးမိသေးတယ်။ ထုံးစံအတိုင်း မျိုးမျိုးဆစ်နဲ့
ကို ဝင်ခေါ်ရတယ်။ ဆိုင်မှာ မန်နေဂျာရှိပေမယ့် သူတို့သုံးယောက်က လွှ
မထားဘူး။ အမြဲလိုလို တစ်ယောက်ယောက် ရှိနေတတ်တာ။ ခုတော့
ယောက်ပူးကြီး။ ဆိုင်က ဝန်ထမ်းတွေတော့ မျက်ခုံးလှုပ်နေမှာပဲ။ အ
သမီးဆိုတာမျိုးက ခိုင်းလိုက်ရင် ပစ်ပစ်ပမ်းလွန်းလို့လေ။

ခုလည်း လမ်းမှာ စကားတွေ လုပြောရင်းနဲ့ ...

"ဟဲ့ ... မိပိုး နင့်ဆီကို ကိုလှတင်ကြီး မလာတော့ဘူးလား"

"မသိဘူးဟာ၊ ငါ လစ်လစ်နေလို့ အိမ်ကိုတော့ မလာဘူး။
တော့ ဆက်နေတာပဲ"

ကိုယ် ဒိန်းခနဲ ဖြစ်သွားတယ်။ ဒါ ပိုးရည်နဲ့ပတ်သက်တဲ့ သူ
ယောက်ျားတစ်ယောက်ရဲ့နာမည်ကို ပထမဦးဆုံး ကြားရတာပဲ။ မျိုးမျိုးဆ





တာ ဆက်ပြောသေးတယ်။

"ငါနဲ့ တစ်နေ့က တွေ့တယ်ဟ၊ သူ့ဆေးခန်းဘက်လည်း လာ
လည်ပါဦးတဲ့၊ ဖိတ်လိုက်တယ်"

ဒီလူနှယ်။ ဖိတ်စရာရှားလို့ ဆေးခန်းကိုများ ဖိတ်ရတယ်လို့။ မဆို
ကောင်းဆိုကောင်း နေမကောင်းက ဖြစ်ပေးရဦးမယ်။

"မသွားချင်ပါဘူးဟာ၊ သူ့သွားဆေးခန်းကြီးကို၊ နင့်ဟာနင်ပဲ
သွားတော့"

"ဟဲ့ ... ဖြစ်မလားဟဲ့၊ နင်ပါမှ သူကျွေးတဲ့မုန့်ကို စားရမှာပေါ့
... အဟီး"

ပိုးရည်မျက်နှာလေးက မဲ့သွားတယ်။ ဟိုလူ့အတွက် အားတက်
ရာပဲ။ မမြင်ဖူးပေမယ့် ကိုယ်မေတ္တာပို့နေမိတယ်။ ပိုးရည်ကပဲ ...

"ငါမပါလည်း ဖြစ်ပါတယ်ဟာ၊ နင်တို့သွားလို့ မုန့်မကျွေးရင်တောင်
ရောက်တုန်းရောက်ခိုက် ကြုံတုန်းလေးဆိုပြီး သွားတစ်ချောင်းစီ အလကား
နုတ်ပေးလိုက်မှာ သေချာတယ်"

"ပြောထားပါ၊ ကိုလှတင်ကြီးလာရင်သာ ငါတို့ကို မလွဲချန်နဲ့၊ ဒီ
တစ်ခါ မကယ်ဘူး သိလား"

ဟိုသွားဆရာဝန် ဘယ်လောက်ပတ်လိုက်ထားလည်း မသိဘူး။
ပိုးရည်မျက်နှာလေး မှုန်တေသွားတယ်။

"ရတယ်လေ ... ငါကလည်း ဘာမှမဖြစ်ဘူး၊ သူ့ဟာသူ အတင်း
လိုက်ကပ်နေတာလေ၊ ရင်မခုန်ဘူး"

"ပြောထားပေါ့ မိပိုးရယ်၊ နင် ရင်မခုန်ပေမယ့် နင့်အိမ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင် ပိုးလေး၊ ကိုယ့်ကို . . ."

တကယ် သနားစရာပါ။ ဘေးနားမှာ သူလိုယောက်ျားကြီး ကိုယ်ရှိနေတာတောင် မရုက်နိုင်ရှာဘူး။

"ကိုလှတင် ပြောဖူးတယ်လေ၊ အချိန်နဲ့အလုပ်လုပ်နေတဲ့ ကိုလှတင်လိုလူအဖို့ ဘယ်အားပါ့မလဲ"

"ဟို . . . ဒီနေ့တော့ . . ."

"သိပါတယ်၊ ကိုလှတင်သွားခဲ့တဲ့ အင်္ဂလန်တို့၊ ပြင်သစ်တို့မှာလည်း ဒီလိုပဲ အချိန်နဲ့ အလုပ်လုပ်ခဲ့တာမလား၊ ကျွန်မ နားလည်ပါတယ်"

"ပိုးလေး . . . အင်္ဂလန်တို့ ပြင်သစ်တို့ဆိုတာက ဒီနိုင်ငံနဲ့ မတူဘူးလေ"

"ဟုတ်တာပေါ့၊ ဒီမှာ ပိုရှာရမှာပေါ့၊ ကိုလှတင်လည်း အိမ်ထောင်ပြုဦးမှာပဲ"

လှတင်မျက်နှာကြီး ဝင်းတောက်သွားတယ်။ ဝမ်းသာလုံးကို ပြန်မျိုချတာ အသံတောင် ကြားလိုက်ရရဲ့။

"ဂလု . . . ဟုတ်တယ် . . . ဟီး၊ အိမ်ထောင်ပြုဦးမှာပါ၊ ကိုယ် ဘယ်သူ့အတွက် ရှာနေလဲသိလား ပိုးလေး"

"အို . . . ဘယ်သိပါ့မလဲ၊ ယူတဲ့မိန်းမကို ပြည့်စုံအောင်ထားဖို့ ရှာရမှာပဲလေ"

"ဟုတ်တာပေါ့ ပိုးလေးရယ်၊ ကိုယ်လေ . . ."

စကားတောင် မဆုံးလိုက်ဘူး။ ပိုးရည်က ကားတံခါးဖွင့်ရင်း . . .

"သိပါတယ်၊ ဆေးခန်းပြေးတော့မလို့ မဟုတ်လား။ ရှာပါ . . . ရှာပါ



ကျွန်မ သွားပြီနော်"

"ဟင် . . . ပိုးလေး . . . ပိုးလေး၊ ရှာတယ်ဆိုတာက . . ."

လှတင် စကားဆုံးအောင် မကြားလိုက်ရပါဘူး။ ကာလာဘလိုင်းကြီး ကျန်ခဲ့လေရဲ့။ ကြေကွဲဆို့နင့်စရာပါပဲ။

"ရှင်နဲ့လည်း စာရင်းရှင်းရဦးမယ်"

"ဗျာ"

ကိုယ် လန့်သွားတာပေါ့။ ဘာကိုဆိုလိုမှန်းလည်း မသိသေးဘူး။ ပိုးရည်ကတော့ ခပ်တည်တည်လေးပဲ။

"မဗျာနဲ့လေ၊ ကျွန်မတို့ဆိုင်က ကိုလှမြင့် ပြောပြီးပြီ"

"ဩော်"

"မအော်နဲ့လေ . . . ဘာမှမလုပ်ဘူး၊ ရှင် အရင်တုန်းကလည်း သီချင်းခွေ စီစဉ်ဖူးတယ်တဲ့၊ ပြီးတော့ . . . ခုလို အနေအထား မဟုတ်ဘူးဆိုလည်း ပြောတယ်"

"ဟုတ်မှာပါ၊ ကျွန်တော် လုပ်ဖူးပါတယ်"

"ခုလည်း ပြန်လုပ်နေတယ်ဆို"

"နည်းနည်းပါးပါးပါ"

မဖိမဖော့လေး ကိုယ် ပြော့လိုက်တယ်။ ဒါကို ခင်းကလေးက ကျေနပ်သလိုနဲ့ ထပ်ပြောပြန်တယ်။

"နည်းနည်းပါးပါး မဟုတ်ပါဘူး၊ ရှင့်အဆင့်က ပရော်ဖက်ရှင်နယ်ပဲ အဒူလေးလှမြင့်က ပြောသေးတယ်"

"ဒီလူ့နှယ် ကျုပ်လိုက်ပြန်ပြီ"

www.burmeseclassic.com



ပိုးရည်စကားဆုံးတော့ ပွံ့ပွံ့က ...

"မိပိုးနော် ... နင် သိပ်အားရမနေနဲ့၊ ပြီးတော့ ... ပြောဦးမယ်"

"ဘာလဲဟ"

လက်ဖက်သုပ်အစားမပျက်ဘဲ ပိုးရည်က ပြန်မေးသည်။ ပွံ့ပွံ့က အားကျမခံ တစ်ဇွန်းထပ်စားရင်း ...

"ကိုလှတင်အကြောင်းကိုတော့ ထားလိုက်ပါဦး၊ ငါတို့လည်း သိတာပဲ၊ ဒါပေမဲ့ ... နင် ကိုမင်းညီကို ဆက်ဆံနေတာဟာ လိုတာထက် ပိုမနေဘူးလား"

"ဟုတ်တယ်၊ ငါလည်း ပြောမလို့"

မျိုးမျိုးဆစ်က အိမ်ရှင်ပီပီ ထောက်ခံ၏။ ပိုးရည်မျက်ခုံးလေးများ စုသွားကာ ..

"ငါ့ပုံစံက အဲဒီလိုဖြစ်နေလို့လား"

"နင်ကပဲ ပြန်မေးနေရသေးတယ်၊ ပြန်စဉ်းစားကြည့်လေ၊ ငါတို့တောင် အံ့သြတယ်"

ပိုးရည် တကယ်စဉ်းစားသွားလေသည်။ ပြီးမှ ...

"အဲလိုလည်း မဟုတ်ပါဘူးဟာ၊ အဲ ... ဖေဖေ့ကိစ္စကို ကူညီဖူးတာလည်း ပါမှာပေါ့၊ ဖေဖေယုံတဲ့လူကို ငါယုံတာ နင်တို့အသိပဲ၊ ပြီးတော့ ... ကိုမင်းညီက ခင်ဖို့ကောင်းတာလည်း ပါတယ်"

"ဟုတ်ပါတယ်၊ ငါတို့လည်း ခင်ပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လို့လဲ"





ပိုးရည် ဖြတ်အမေးကို ပွံ့ပွံ့က ...

"နင် သဒ္ဓါလွန်ပြီး"

"ဟိုးထား ... ဟိုးထား၊ ပွံ့ပွံ့ နင်တွေးတာ လွန်နေပြီ၊ ကိုမင်းညီကို ခေါ်တယ်၊ ဆိုင်မှာ သီချင်းဆိုခိုင်းတာကလည်း သူ့တက်လမ်းအတွက်ပါ။ သူက ဂီတနဲ့ပတ်သက်ရင် ရည်ရွယ်ချက်ကြီးတယ်၊ သူ့အနေအထားကို အဲလို ငါ တတ်နိုင်တဲ့ဘက်က ကူညီတာပါ"

"ပြီးတာပဲလေ၊ နင့်ဇာတ် နင်နိုင်ရင် ပြီးတာပဲ"

ထိုစကားကိုတော့ ပိုးရည် နည်းနည်းအောင့်သွား၏။ သူ့အတွက် ပြောနေတာပဲဆိုပြီး ဖြည့်တွေးကာ ...

"အေးပါဟာ ... ငါ နင်တို့ခံစားချက်ကို နားလည်ပါတယ်၊ ဒါပေမဲ့ ... သူ့ကို ငါ စိတ်ဝင်စားနေတာလည်း ရှိတယ်ဟ"

"ဟင်"

"အယ်"

နှစ်ယောက်စလုံး မျက်ခုံးများ မြင့်တက်သွားကြပြန်သည်။ ပိုးရည်က ရယ်ရင်း ...

"သိပ်မလန့်ပါနဲ့ဦး၊ ငါ စိတ်ဝင်စားတာက သူ့ပုံစံပါ၊ သူ့ရုပ်ရည် အတွေးအခေါ်နဲ့ ပြောပုံဆိုပုံကကွာ ... အဲ ... ဒရိုင်ဘာတစ်ယောက်နဲ့ မတူဘူး၊ ပညာတတ်ပုံလည်း ရတယ်၊ လျှို့ဝှက်တတ်တာလည်း အမှန်

"နင်က အမှတ်ပေးနေတာကိုး"

ပွံ့ပွံ့က ဝင်ငေါ့လည်း ပိုးရည် ဂရုမစိုက်ချေ။



www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

ကိုယ်ရယ်၊ ကိုရဲနဲ့ ကိုဖေမောင်ထွန်းတို့ အခွေဖြန့်မယ့်နေ့ကို ညှိကြတယ်။ ဈေးကွက်အခြေအနေကို ကိုဖေမောင်ထွန်းက ပိုနားလည်ပါတယ်။ သူချပြတဲ့နေ့တွေလည်း ကောင်းတယ်။ တခြားနာမည်ကြီး အဆိုတော်တွေနဲ့ မတိုက်နေဖို့။ ကိုယ့်အခွေလေး ပရိသတ်လက်ထဲ မရောက်မှာကိုလည်း စိုးရိမ်တာ။ ကြားညှပ်ပြီး လူမသိဖြစ်သွားရင်လည်း အလကားပဲ။ အတွဲခွေမှာ လူသတိထားမိပေမယ့် ဒီခွေက အရေးကြီးတယ်။

ပြောရင်းဆိုရင်းနဲ့ ကိုရဲက သတိရလို့ . . .

"ဒါနဲ့ ကိုဖေမောင်ထွန်း . . . အခွေက ထွက်ဖို့ ကြော်ငြာတွေတောင် ကပ်ထားပြီ ဟိုလေ . . . ခင်ဗျားရဲ့ပါတနာဆိုတာလည်း ကျွန်တော်တို့



တစ်ခါမှ မဆုံဖူးဘူး"

"ဟုတ်တယ်၊ ကျွန်တော့်သီချင်းရော နားထောင်ဖြစ်ရဲ့လား မသိဘူး"

ကိုဖေမောင်ထွန်းက ရယ်ပြီး . . .

"နားထောင်ပါတယ်ဗျာ၊ ဒီကြားထဲ ကျွန်တော်နဲ့တောင် အကြာကြီး မတွေ့ဖြစ်ဘူး။ ကျွန်တော်က ဒီအလုပ်တစ်ခုတည်းလေ၊ သူ့မှာက တခြားအလုပ်တွေလည်း ရှိသေးတော့ မအားလို့ပါ၊ တွေ့ရမှာပါ၊ ကျွန်တော် နှိုးလိုက်ဦးမယ်၊ သူက ဒီလုပ်ငန်းတွေလည်း နားမလည်တော့ ကျွန်တော့်ကိုပဲ လွှဲထားတာ"

"ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်ဗျာ"

"ဒီလိုပဲပေါ့ . . . မင်းညီရာ၊ အပြန်အလှန်ပေါ့"

အဲဒီကအပြန်မှာ ကိုယ် တော်တော့်ကိုပျော်နေတယ်။ ဖြန့်ဖို့အသင့်ဖြစ်နေတဲ့ ကိုယ့်အခွေတွေကိုလည်း တွေ့ခဲ့ရတာကိုး။ ကိုရဲဆို ကိုယ့်အတွက် ဝမ်းသာမဆုံးဘူး။ ကိုယ့်ကိုတောင် အဆိုတော်ဖြစ်ရင် သွေးကြီးမသွားနဲ့ဦး နောက်နေသေးတယ်။ ပြန်ရောက်တော့ ဖင်မဲကိုဝင်ခေါ်ပြီး မနက်စာကို အောင်သေအောင်သားအဖြစ် စားဖြစ်ကြတယ်။

စားရင်း သောက်ရင်း ဖင်မဲက ရယ်ကျဲကျဲနဲ့ . . .

"မြင်ယောင်မိပါသေးတယ်၊ နေ့ချင်းညချင်း အဆိုတော်ဖြစ်ပြီး နေ့ချင်းညချင်း ရည်းစားရသွားမှာ"

"မင်းဟာလေ သိပ်တော်တာပဲ ဖင်မဲ၊ မင်း ကြီးပွားဦးမယ်"

ကိုယ့်ကို စ,နေလို့ လိုလိုချင်ချင်ပဲ ရွှံ့ပြီး ပြန်ပြောလိုက်တယ်။

www.burmeseclassic.com



ကိုရဲက လိုက်ရယ်နေတယ်။ ကိုယ် ပိုးရည်ကို ချစ်နေတာ သူတို့သိတာကို ပိုးရည်ကို ပွင့်ပွင့်လင်းလင်း ပြောခွင့်ရဖို့ သိပ်မစောင့်ရတော့ဘူး ထင်ပါရဲ့

ဦးသောင်းမြင့်ဆိုတဲ့ ကိုယ့်ကျေးဇူးရှင်ကြီးကိုတော့ အားနာပါတယ် အင်းလေ ... သမီးရှိရင်တော့ သားမက်ရှိလာမှာ မဆန်းပါဘူး။ ဒါပေမဲ့ ... ဟိုမဟာငတုံးကြီးကို လုတင်သာ သိရင်တော့ သူ့ရွှေသွားတွေနဲ့ လိုက် ကိုက်မလားမသိဘူး။ တော်သေးတာပေါ့။ ပိုးရည်က သွားဆရာဝန်ဆိုတာ ကြီးကို မမက်လို့။ အင်းပေါ့လေ ... သွားဆရာဝန်ဆိုတော့ သွား ... ဆရာဝန်ပေါ့နော်။ ကိုယ့်အတွေးထဲက နှင်လိုက်တယ်။

တွေးရင်းနဲ့ ဒီနေ့ ပိုးရည်ကို အောင်သန်းဦးရဲ့ Dr. beat studio ကို ခေါ်သွားဖို့ ပြောထားတာ သတိရလာတယ်။ ယုန်ဖြူမလေးရယ် ... ကိုယ့်ရင်တွေ ရစ်သမ်မမှန်ဘဲ ခုန်လာပြန်လေရဲ့။

■

## (၂၇)

ဆိုင်ရောက်တော့ ပိုးရည်တို့သူငယ်ချင်းသုံးယောက်လုံး ရှိနေပါ တယ်။ ကိုယ့်ကိုမြင်တော့ ပိုးရည်က ပုံ့ပုံ့အနားကို ကပ်ပြောလိုက်တယ်။ ပုံ့က ဘာပြန်ပြောလည်း မသိဘူး။ ပိုးရည်က ရှက်ဟန်လေးနဲ့ လိုက်ရိုက် နေတယ်။

ကိုယ်အနားရောက်သွားတော့ သူတို့ ကိုယ်ရှိန်သိတ်လိုက်ကြ တယ်...

"ကိုမင်းညီ ... ခဏစောင့်ဦး၊ ဒီမှာ မပြီးသေးလို့"

ပိုးရည် ကွန်ပျူတာရှေ့မှာဝင်ထိုင်တော့ ပုံ့ပုံ့က ...

"သွားပါ မိန်းမရယ် ... ငါ ဆက်လုပ်ထားပါ့မယ်၊ ဒီမှာ အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်ချို့ ဆွံ့အ,သွားလေရဲ့။ မျက်နှာကို တည်ငြိမ်အောင် ကြိုး
စားရင်း . . .

"ခု . . . နင့်ကို ဒါတွေ ပြန်ပြောဖို့ ချိန်းလိုက်တာ မဟုတ်ဘူး
. . . ဒီအခွေကိစ္စ ဘယ်လိုလုပ်မလဲ"

"ဘာမှလုပ်စရာမရှိဘူး။ နောက်တစ်ယောက်ဆိုတာ နင့်မှန်း
လို့ လုပ်ခဲ့တာ"

"နင် အဆိုတော်မဖြစ်ချင်တော့ဘူးပေါ့"

ဒီမေးခွန်းကို ဒီနေရာမှာ ကိုယ်မသဒ်တော့ဘူး။

"အေး . . . အစကတော့ ဒီသီချင်းတွေက ငါ့ကိုယ်ငါ မဖြစ်
သတ်သေဖို့အထိ လုပ်ထားတဲ့ သီချင်းတွေကွ၊ ခုတော့ . . . မီးပဲ ပုံရှို့
တော့၊ ဖြန့်မယ်ဆိုရင်တော့ ငါ တရားစွဲရလိမ့်မယ်၊ ဒါပဲ"

"ဟာ . . . စဉ်းစားကြပါဦးဗျာ၊ ဒီလောက်အထိ . . ."

ကိုဖေမောင်တွန်း ဝင်ပြောတာကို ဘယ်သူမှ ဂရုမစိုက်ကြဘူး
ဝတ်ရည်ချိုက ခပ်တင်းတင်းပဲ . . .

"အေး . . . ငါလည်း နင့်ကို အဲဒီလောက် အောက်ကျခံပြီး
တောင်းပန်မယ့် မိန်းမမျိုးမဟုတ်ဘူး မင်းညို၊ နင့်ထိုက်နဲ့ နင့်ကံပဲ"

"ဟား . . . ဟား . . . ဟား"

ကိုယ်နဲ့ဝတ်ရည်ချိုတို့ မျက်လုံးချင်းဆုံပြီး အမုန်းတွေ ပြိုင်လိုက်
ကြတယ်။ အံတစ်ချက်ကြိတ်ပြီး ကိုယ်ပြောခဲ့ပါတယ်။

"ဆောရီးပဲ ဝတ်ရည်ချို့ . . . လျှာပေါ်မြက်ပေါက်သွားပါစေ နင့်
ပတ်သက်ရမှာ ရွံလို့၊ နင့်လက်နဲ့ ထိထားတာတွေကို မသဒ်လို့ . . . ငါ
မလာတာ၊ နင်ပဲ လိပ်ပြာသန့်သန့်သုံးပါ၊ တရားရုံးကနေ ငါ့ပိုင်ဆိုင်မှုတွေကို
တောင်းမှာလည်း မဟုတ်ဘူး။ ဒါပေမဲ့ . . . ဒီပိုက်ဆံတွေ နင်သုံးတိုင်း
ငါနဲ့လည်း ဆိုင်တယ်ဆိုတာ နင် သတိရနေရင် ငါ ကျေနပ်တယ်၊ နင်
နိုင်လား၊ ရှုံးလား နင် အသိဆုံးဖြစ်မှာပါ"

ကိုယ် လှည့်ထွက်ခဲ့လိုက်တယ်။ သူ့ဆီက ဘာသံမှ မကြားရတော့
ဘူး။ ကိုယ့်အခွေ ထွက်မလာတော့ပေမယ့် ကိုယ် ကျေနပ်ပါတယ်။ ကိုယ်
မရှုံးဘူး။ ဘဝမှာ ကိုယ်နေတတ်ဖို့ပဲ ကြိုးစားတော့မယ်။

လွမ်းစရာဆိုလို့ ပိုးရည်နဲ့ ပတ်သက်တာတစ်ခုပါပဲ။ အရာအားလုံး
ဟာ အိပ်မက်အတိုင်း အရောင်လွင့်ခဲ့ပြီပေါ့ ပိုးရည်ရယ်။ ကိုယ့်ကိုယ်ကိုယ်
ပြန်သွေးဖို့ ကိုယ် ကြိုးစားဦးမယ်။ အလွမ်းတွေပေနေတဲ့ သီချင်းလေး
တစ်ပုဒ်ရေးမိပြန်ရဲ့။

■



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေက အဲဒီမှာတင် ပြီးမသွားဘူး၊ မင်းညီက ဝတ်ရည်ချို ကို လက်တုံ့ပြန်ဖို့ ကြိုးစားတော့တာပဲ၊ ဝတ်ရည်ချိုကလည်း ခင်ဖော့်သူငယ် ချင်းမှန်း မသိဘူးလေ၊ ဒါနဲ့ ဝတ်ရည်ချိုကို ချဉ်းကပ်တော့တယ်၊ မင်းညီ ကလည်း သူ့ဌေးသား ရုပ်ချောဆိုတော့ ငြိကြပါလေရော၊ ခင်ဖော့်အပေါ်မှာ ခံစားရတဲ့စိတ်နဲ့ မင်းညီက စနစ်တကျလုပ်တာ၊ ဒိုင်ယာရီရေးထားပြီး ဝတ် ရည်ချိုကို လက်ထပ်ယူဖို့အထိ ဖြစ်လာကယ်၊ ယူပြီးရင် တန့်နှံ့အသေးစိတ် လက်စားချေဖို့ အစီအစဉ်ပဲ၊ ဒါပေမဲ့ ... ဖြစ်ချင်တော့ အဲဒီဒိုင်ယာရီကို သူ့အဖေ ဖတ်မိသွားတယ်၊ သိပ်မကြာဘူး မင်းညီကို နိုင်ငံခြားသွားခိုင်း တယ်၊ ဒီကောင်ကလည်း မသွားဘူး၊ နောက်ဆုံး ... သူ့အဖေက ဝတ်ရည် ချိုကိုယူပြီး မိန်းမအဖြစ်နဲ့ အိမ်ပေါ်ခေါ်တင်လာတော့တာပဲ"

"ဘုရားရေ"

"ဟုတ်တယ် ညီမလေး၊ အမှန်တော့ သူ့အဖေက မင်းညီနစ်မွန်း မှာ၊ မှားမှာစိုးလို့၊ ဒီကြားထဲ ပြဿနာတွေကတော့ အများကြီးပဲ၊ ခင်ဖော့်ကို ရိုက်တယ်ထင်လို့ သူထင်နေတဲ့ ဝတ်ရည်ချိုအစ်ကိုကလည်း အိမ်မှာလာနေ တယ်၊ တစ်ရက် ... မင်းညီနဲ့သူ့အဖေ အကြီးအကျယ် စကားများကြပြီး မင်းညီက အိမ်ပေါ်က ဆင်းမယ်ဆိုပြီး ဖြစ်တယ်၊ လှေကားထိပ်မှာ ဆွဲလား ရမ်းလားဖြစ်ရင်း မတော်တဆ သူ့အဖေ လိမ့်ကျသေဆုံးသွားတယ်၊ သူ့ အဖေ သူ့ကြောင့်ဖြစ်ရတယ်ဆိုပြီး မင်းညီ ငိုနေတုန်း ဝတ်ရည်ချိုနဲ့ သူ့ အစ်ကို ရောက်လာပြီး မင်းကြောင့်ဖြစ်တာ ... ဘာညာနဲ့ စွပ်စွဲကြတယ် အရင်တုန်းက နာကြည်းနေတဲ့အရှိန်နဲ့ မင်းညီက ဝတ်ရည်ချိုအစ်ကိုကို ဝင်ထိုးတယ်၊ သတ်ပုတ်ကြရင်း မင်းညီ လက်လွန်သွားတယ်၊ သူ့လက်ချက်





နဲ့ ဝတ်ရည်ချိုအစ်ကို သေဆုံးသွားတယ်၊ အမှုဖြစ်တယ်၊ မင်းညီ ထောင် ကျတယ်၊ ပတ်ဝန်းကျင်မှာတော့ မင်းညီကပဲ သူ့အဖေနဲ့ဝတ်ရည်ချိုအစ်ကို နှစ်ယောက်စလုံးကို သတ်သလို သတင်းထွက်တော့တာပဲ၊ တကယ်တော့ အားလုံးဟာ မှားခဲ့ကြတာပါ၊ ထောင်ကလွတ်တော့ ကျွန်တော်ပြောင်းလာ တဲ့ ဒီနေရာကို မင်းညီ ရောက်လာခဲ့တာပဲ"

"ရင်မောစရာတွေပါလား ကိုရဲရယ်၊ အဲဒါကြောင့် ကိုမင်းညီ မပြောပြတာထင်တယ်၊ ဒါနဲ့ ... ခုအခွေကိစ္စကကော ..."

"အဲဒါကလည်း ဒီအခွေအတွက် ငွေထုတ်ပေးတာ ဝတ်ရည်ချိုတဲ့ ဒါကြောင့် မင်းညီလည်း ဘာမှဆက်မလုပ်တော့ဘူး"

မင်းညီကိုယ်စား ပိုးရည်ပင် ရင်ထဲမောချသွားသည်။ ကာယကံရှင် တော့ ဘယ်လောက်စိတ်ပျက်ဝမ်းနည်းနေပြီလဲမသိ။ သံယောဇဉ်ငွေ့ငွေ့က ရင်ထဲ လှုံးလွန့်လာပြန်သည်။ မင်းညီကိုတွေ့ချင်သည့် စိတ်ကိုလည်း ထိန်းမရ တော့။

"အဲဒီအခွေရဲ့ ကုန်ကျစရိတ်လောက်ကို ကျွန်မ တတ်နိုင်ပါတယ်။ အလုပ်သဘောပဲဖြစ်ဖြစ်ပေါ့၊ ကျွန်မ ပြန်လျှော်ပေးပြီး ဝယ်လို့ရမလား မသိ ဘူး"

ကိုရဲက ပိုးရည်ကို တအံ့တဩကြည့်သည်။ အဓိပ္ပာယ်များစွာကို လည်း ရှာတွေ့သွားလေ၏။

"ရမှာပါ ... ကိုဖေမောင်ထွန်းနဲ့ ညှိရမှာပေါ့၊ ညီမလေးစိတ်ကို လည်း ကျွန်တော် နားလည်ပါတယ်"

ရှက်သွေးဖြန်းပြီး ပိုးရည် ခေါင်းငုံ့ချလိုက်မိသည်။ ကိုရဲက အသာ



www.burmeseclassic.com

www.burmeseclassic.com



ထကာ CD တစ်ချပ်ကို ယူလာပေးရင်း ...

"ရော့ ... ဒါ မင်းညို နောက်ဆုံးသွင်းထားတဲ့ သီချင်း၊ ညီမလေးနဲ့ ပတ်သက်နေလို့ ပေးတာ၊ **စကားများများပြောရန်မလိုတော့ပါ** နဲ့ **မသေရင်ရွှေးမယ်ဆိုတဲ့** သီချင်းတွေလေ"

"ကျွန်မ နားလည်ပါတယ် ကိုရဲရယ်"

ပိုးရည် မရှက်နိုင်တော့။ မင်းညိုမျက်ဝန်းတွေကို သူမ ဖတ်တတ်ခဲ့တာ ကြာခဲ့ပြီ။ ကိုရဲက ဆက်ပြော၏။

"မင်းညို စိတ်ဓာတ်ကျပြီး သူ့ကိုယ်သူအဆုံးလို့ သတ်မှတ်လိုက်တာ၊ ဒါပေမဲ့ ... အနုပညာသမားတွေဟာ ချစ်ခြင်းကိုတော့ တန်ဖိုးထားတတ်ကြပါတယ်၊ သူ ခုချိန်ထိ နိုင်မတ်နေသေးတာ ညီမလေးအပေါ်ထားတဲ့ စိတ်နဲ့ပဲ"

ပိုးရည်ရင်ထဲမှာ လှိုက်လှိုက်ခါခါ ဖြစ်သွားသည်။ ကိုမင်းညိုရယ်ဟုလည်း သုန်သုန်မောမော တမ်းတမိပြန်သည်။

"ဒါနဲ့ ... ခု ကိုမင်းညို ဘယ်မှာရှိနေနိုင်လဲဟင်"

"အင်း ... သူ ကဗျာတစ်ပုဒ် ရေးဖူးတယ်ဗျ။ သူ့ကိုယ်သူ ချိတက်နေတဲ့ ကဗျာပေါ့၊ နာမည်က တိမ်တွေကိုနမ်းမယ့်ပင်လယ်တဲ့၊ ဒီအချိန်ဆိုရင်လည်း သူအဲဒီနေရာလေးမှာ ..."

■

(၃၀)

ဝင်လုဆဲဆဲနေလုံးကြီးကို ကိုယ်ကြည့်နေမိတယ်။ ဆည်းဆာကည်း ကောင်းကင်မှာ ပွင့်ဖြာနေပြီပေါ့။ ပင်လယ်လို ကြမ်းတမ်းတဲ့ကိုယ်ဟာယ်အချိန်မှ တိမ်တွေကိုနမ်းရမှာလည်း မသိဘူးနော်။

အတွေးနဲ့ မျောလွင့်နေမိတယ်။ ခြေသံဖွဖွကြောင့် ကိုယ့်အတွေးကိုဖ်တန့်ပြီး လှည့်ကြည့်မိတယ်။

"ဟင် ... ပိုးရည်"

ကိုယ် အရမ်းအံ့ဩသွားတယ်။ လက်ရှိအခြေအနေမှာ ပျော်ရွှင်မှု ဝမ်းနည်းမှုတွေဟာ ရောပြွန်းနေလေရဲ့။ ကိုယ့်စကားတွေကို မျိုသိပ်ဦးမှာ ...ဦလေ။

